## အကောက်ခွန်ဦးစီးဌာန၏ (၈-၈-၂၀၁၇) မှ (၁၄-၈-၂၀၁၇) အတွင်းခနဝ့်မှန်းတန်ဖိုး ကျပ် (၃၃၆.၄၀၂) သန်းခနဝ့်တန်ဖိုးရှိ အကောက်ခွန်မဲ့ပစ္စည်းများ တားဆီး/ ဖမ်းဆီးရမိခြင်း

၁။ အကောက်ခွန်ဦးစီးဌာန၏ လေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ ၊ ဆိပ်ကမ်းနှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများပြုလုပ်ဆောင်ရွက်လျှက်ရှိရာ ဩဂုတ်လ (၈) ရက်နေ့မှ (၁၄) ရက်နေ့အထိ စုစုပေါင်းတားဆီး/ ဖမ်းဆီးမှုမှာ (၅၅) မှုဖြစ်ပြီး ခနဝ့်မှန်းတန်ဖိုးမှာကျပ် (၃၃၆.၄၀၂) သန်းခနဝ့်ဖြစ် ပါသည်။

**(က) လေဆိပ်**

လေဆိပ်တားဆီးမှုအနေဖြင့် (၂) မှုရှိ၍ ခနဝ့်မှန်းတန်ဖိုးမှာကျပ် (၂.၈၈၀) သန်းခနဝ့်ရှိသည့်အနက် ၉-၈-၂၀၁၇ ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ပြည်ပဆိုက်ရောက်) ၌ မလေးရှားလေကြောင်းလိုင်းဖြင့် ကွာလာလမ်ပူမြို့ မှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားခရီးသည်ထံမှ E Cigarette Liquid (60) ml (422) Nos ၊ Stin (Decoberry) (13) Nos ၊ စုစုပေါင်းခနဝ့်မှန်းတန်ဖိုးကျပ် (၂.၅)သန်းခနဝ့်အား တွေ့ရှိ၍ တားဆီးခဲ့ပါသည်။

**(ခ) ဆိပ်ကမ်း**

ဆိပ်ကမ်းတားဆီးမှု အနေဖြင့် (၄) မှုရှိ၍ ခနဝ့်မှန်းတန်ဖိုးမှာကျပ် (၃၄.၅၇၅) သန်းခနဝ့်ရှိသည့်အနက် ၉-၈-၂၀၁၇ ရက်နေ့တွင် MIPL ဆိပ်ကမ်း၌ Super NR Group Co., Ltd မှ ID No-100035384850 (25-7-2017) ဖြင့်တင်သွင်း လာသော Recon; Hino Dutro Box Truck , Mdl-2007, C/O Japan (1) U အားတာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ သတ်မှတ်ဘောင်အောက် (၁) နှစ်နိမ့်နေပါသဖြင့် စုစုပေါင်းခနဝ့်မှန်းတန်ဖိုးကျပ် (၁၄) သန်းခနဝ့်အား တွေ့ရှိ၍တားဆီးခဲ့ပါသည်။

**(ဂ) နယ်မြေ**

နယ်မြေတားဆီးမှု အနေဖြင့် (၄၉) မှုရှိ၍ ခနဝ့်မှန်းတန်ဖိုးမှာကျပ် (၂၉၈.၉၄၇) သန်းခနဝ့်ရှိသည့်အနက် ၁၂-၈-၂၀၁၇ ရက်နေ့တွင် မူဆယ်သို့ သွားရောက်မည့် ယာဉ်များအား သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် လားရှိုး နှင့် ရေပူစခန်းအကြား မိုင်တိုင်အမှတ် (၁၉၆) မိုင် (၇) ဖာလုံ ၊ နားဆော့ရွာထဲ ၌ Crown Royal Saloon ယာဉ် (၁) စီး မသင်္ကာဖွယ် ရပ်တနဝ့်ထားသည်ကိုတွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးဆိုဒ်စုံ အလေးချိန် (607) kg နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး ၊ စုစုပေါင်းခနဝ့်မှန်းတန်ဖိုးကျပ် (၃၄.၃၅၀) သန်းခနဝ့်အားတွေ့ရှိ၍တားဆီးခဲ့ပါသည်။

(ဃ) မိုဘိုင်းဖုန်း ၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ (၈-၈-၂၀၁၇) မှ (၁၄-၈-၂၀၁၇) အတွင်း တားဆီး/ဖမ်းဆီး အရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခနဝ့်မှန်းတန်ဖိုး စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်း နှင့် ဆက်စပ်ပစ္စည်းများ | - | ၂ မှု | ၂ မှု | ၂.၅၅၀ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၄ မှု | ၄ မှု | ၈၁.၅၆၃ သန်း |
| | **စုစုပေါင်း** | **-** | **၆ မှု** | **၆ မှု** | **၈၄.၁၁၃ သန်း** |

၂။ အကောက်ခွန်ဦးစီးဌာန၏ (၁-၄-၂၀၁၇) ရက်နေ့မှ (၇-၈-၂၀၁၇) ရက်နေ့အထိ မိုဘိုင်း ဖုန်း၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု များအနေဖြင့် ရန်ကုန် လေဆိပ် ၊ ဆိပ်ကမ်းနှင့် နယ်မြေဒေသများမှ စုစုပေါင်း တားဆီး/ဖမ်းဆီးမှု (၁၀၁) မှု ၊ ခန့်မှန်း တန်ဖိုးကျပ် (၁၄၆၂.၄၅၉) သန်းခန့် အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။




E Cigarette Liquid နှင့် Stin တားဆီးမှု မှတ်တမ်းဓါတ်ပုံ



Recon; Hino Dutro Box Truck  တားဆီးမှု မှတ်တမ်းဓါတ်ပုံ




ကျောက်စိမ်းဟုယူဆရ သော ကျောက်တုံးဆိုဒ်စုံနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်
တားဆီးမှု မှတ်တမ်းဓါတ်ပုံ